မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 8/Issue 5 / May / 2015*

## ပြန်လာရန် ဖိတ်ခေါ်နေ

*ကိုယ်အပြစ်တို့ကို ဖော်ပြ တောင်းပန်လျှင် ၊ ငါတို့အပြစ်များကို လွှတ်၍ ၊ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်း ကောင်း ပြည့်စုံတော်မူ၏။ ၁ ယော ၁ း ၉*

အားကစားပြိုင်ပွဲ၌ မိမိအသင်းက အရှုံးနှင့် ပွဲသိမ်းသောကြောင့် အနိုင်မရ၍ ခံပြင်းပြီး၊ စိတ်ဓါတ်ကျဆင်းခြင်း ခံစားချက်ရှိကြသည်နည်းတူ ဝိညာဉ်ရေးရာ၌ ပြိုလဲကျဆင်းသောအခါဝယ် မိမိကိုယ်ကို အပြစ်တင်မဆုံးဖြစ်ရသည့် ခံစားချက်က ဘုရားနှင့်အခြားသူများကို စိတ်အနှောင့် အယှက်ဖြစ်စေပြီး မိမိကိုယ်တိုင်လည်း စိတ်ပျက်ခံစားရသည့် ထိုဒဏ်ရာကို ပပျောက်အောင် မည်သို့ကုစားရမည်နည်း။

၁ ယော ၁း၈–၉ ၌ “ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင်၊ ကိုယ်ကိုကိုယ် လှည့်ဖြား ကြ၏။ ငါတို့၌ သစ္စာတရားမရှိ။ ကိုယ်အပြစ် တို့ကို ဘော်ပြ တောင်းပန်လျှင်၊ ငါတို့အပြစ်များ ကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ဖွင်း၊ ဖြောင့် မတ်ခြင်းတရားနှင့်ဖွင်း ပြည့်စုံတော်မူ၏။” ဟူ၍ ဖေါ်ပြထားသည်။

ယေရှုခရစ်တော်သည် အပြစ်ကြွေးများကို ဆပ်ပေးခဲ့ခြင်းကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို ဖြေလွှတ်ပေးခဲ့သည်။ ကျွန်ုပ်တို့ နောက်တစ်ကြိမ်ပြန်လည်အစပြုရန်၊ မနေ့က အရှုံးများထက် ယနေ့ အခွင့်အရေးများ၌ အာရုံစိုက်ရန် ဘုရားသခင်က ကျွန်ုပ်တို့ကို လွှတ်ခြင်း အခွင့် ပေးခဲ့သည်။ ကိုယ်တော်၏ သန့်ရှင်းစေသော သစ္စာတရားသည် ကျွန်ုပ်တို့ကို ဖြူစင်သော နှလုံးသားအသစ်နှင့် တစ်ဖန်ပြန်လည် အစပြုနိုင်ရန် အခွင့်ပေးထားပါသည်။

ယနေ့ ဘုရားသခင်သည် သူ့ထံသို့ ပြန်လာရန် ဖိတ်ခေါ်နေသည်။ သို့သော်လည်း ယခု ကျွန်ုပ်တို့ ခြေလှမ်းမှားနေလျှင် အစမှ ပြန်စပါ။ သင့်အတိတ်၏ အရိပ်၌ အသက်ရှင်နေမည့်အစား ပစ္စုပ္ပန်အလင်း၌ အနာဂတ်သို့ မျှော်လင့်ခြင်းဖြင့် လျှောက်လှမ်းပါ။ ။

## 2015, May Events






***Holy Communion***

05/ 03/ 2014

~~~~~~~~~~~~~~

**Mothers' Day Sunday**

5/ 10/ 2014

~~~~~~~~~~~~~~

**B.C.F. Official Board Meeting**

5/ 17/ 2014

~~~~~~~~~~~~~~

***Sunday 2:00PM***
***At***
***St. Luke's Episcopal Church.***
***122 S. California Ave.***
***Monrovia, CA 91016***

~~~~~~~~~~~~~~

**B.C.F. Fundraising Food fair**

5/ 16/ 2014

***Saturday 11:00 AM - 2;00 PM***
***At Swan Hall, St. Luke's Episcopal Church.***
***122 S. California Ave. Monrovia, CA 91016***

# B.C.F Food Fair

## You're invited!

## Welcome

**Place**

Swan Hall
Saint Luke's Episcopal Church
122 S. California Ave.
Monrovia, CA 91016
*(Corner of E. Foothill Blvd and S. California Ave)*

**Date**

May 16, Saturday, 2015

**Time**

10:00am - 2:00pm

*20% of sales proceed will be donated to charity*
(Children Care Orphanage In Myanmar)

☎Contact Phone No.
*(562) 944-9091*

💻 Contact Person
Fiona Ang,
Thin Thin
Emily Ang
Naw Win Mar
David Ang
Nyi Nyi Wintin

## B.C.F ဈေးရောင်းပွဲသို့ ဖိတ်ခေါ်ပါ၏ ။



လာခဲ့ပါ–ဝင်ခဲ့ပါ
**BCF** မှကြိုဆိုတာ
ရံပုံငွေ .. ဈေးရောင်းပွဲမှာ
ဝယ်ယူ .. အားပေးကာ
စားသုံးတော်မူကြပါ၊



**Karaoke** သီဆိုကာ
အရသာမျိုးစုံစွာ
မြန်မာ့ရိုးရာ .. အစားအစာ
ထိုင်စားကြည့်မှ .. အရသာသိ
ဒါတွေအကုန်ရှိ။



၁၊ မုန့်ဟင်းခါး
၂၊ ဒံပေါက်
၃၊ ပုဇွန်ခွက်ကြော်
၄၊ စမူစာ
၅၊ အမဲအူပြုတ်
၆၊ ပဲပြုတ်၊
၇၊ နန်းကြီးသုတ်၊
၈၊ ရွှေချီဟာလဝါ
၉၊ ပုသိမ်ဟာလဝါ
၁၀၊ ကြက်သားပာတာ
၁၁၊ ရှမ်းမုန်ညင်းချဉ်
၁၂၊ လ္ဘက်ရည်၊
၁၃၊ သစ်သီးဖျော်ရည်
၁၄၊ ဖါလူဒါ
၁၅၊ ပျိုးပင် .. ပန်းပင်
၁၆၊ စာအုပ်ဆိုင်






Karaoke and more




*This prayer is powerful, and prayer is one of the best gifts we receive.*

*There is no cost but a lot of rewards. Let's always pray for one another.*

# *The Prayer:*

*Father God,*

*Thank You for each and every day
You have blessed us here on earth.*

*Thank You for Your tender mercies.*

*Thank You for giving us friends and family
to share joys and sorrows with.*

*I ask You to bless my friends, relatives, brothers
and sisters in Christ and those I care deeply for,
who are reading this right now.*

*Where there is joy, give them continued joy.
Where there is pain or sorrow, give them your peace and mercy.
Where there is self-doubt, release a renewed confidence.
Where there is need, fulfil their needs.
Bless their homes, families, finances,
their goings and their comings.*

*In Jesus' name,
Amen.*

# ချိန်ခါမရွေး

Praise the Lord

ကားတိုင်တော်၌ ဝေဒနာခံ
အသက်သွေးဖြင့် ပြစ်ကျွေးဆပ်သည့်
ကယ်တင်ပိုင်ရှင် ယေရှုသခင်
ပြတော်မူသည့် မေတ္တာတော်ကို
သင် .. ယုံကြည်ကိုးစားလျှင်
မှောင်မိုက်ချိန်၌ ထွန်းလင်းစေသည်။
ပူပန်ချိန်၌ ငြိမ်သက်စေသည်။
မောပန်းချိန်၌ ခိုနားစေသည်။
ရေငတ်ချိန်၌ ရေတိုက်ကျွေးသည်။
လဲကျချိန်၌ ထူမပေးသည်။
ထိခိုက်ချိန်၌ ကွယ်ကာပေးသည်။
ဖျားနာချိန်၌ ကုသပေးသည်။
ဝမ်းနည်းချိန်၌ နှစ်သိမ့်ပေးသည်။
အားနည်းချိန်၌ ခွန်အားပေးသည်။
မှားယွင်းချိန်၌ ပြုပြင်ပေးသည်။
ရှုံးနိမ့်ချိန်၌ အားဖြည့်ပေးသည်။
ပျောက်ဆုံးချိန်၌ လမ်းပြပေးသည်။
ချိန်ခါမရွေး သူစောင့်ရှောက်သည်။
သခင့် နောက်တော်လိုက်၍၊
ခံစားရသော ဆုကျေးဇူးတော်ကို ချီးမွမ်းကြစို့။

John Ma



## "Honor Your Mother"

ဘုရားသခင်၏ ပို့ဆောင်တော်မူသော ကျေးဇူးတော်ကြောင့် မေလ ( May ) သို့ ရောက်ရှိလာပါပြီ။ နှစ်တစ်နှစ်၏ငါးလမြောက် မေလ ( May ) မှာ မိခင်များကို ဂုဏ်ပြု၍ကျေးဇူးဆပ်ရန် အချိန်ကောင်း ဖြစ်ကြောင်းကို မမေ့ရန်၊ မေလဒုတိယအပါတ် တနင်္ဂနွေနေ့ကို မိခင်များ၏နေ့ ( Mother's Day ) အဖြစ် သတ်မှတ်ထားပါသည်။

မိခင်များ၏နေ့တွင် မိခင်များကို ဝတ်ကျေတန်းကျေ လုပ်ရိုးလုပ်စဉ်၊ သမရိုးကျ သဘောမထားဘဲ၊ မိခင်၏ကျေးဇူးကို သိမှတ်လျက်၊ ချစ်သောစိတ်ဖြင့် မေတ္တာဖြင့် ပြုကျင့်ပါ။

မိခင်၏ကျေးဇူးသည် အလွန်နက်ရှိုင်းပါသည်။ မိခင်၏ကျေးဇူးကို သိမှတ်၍အလေးထားကြောင်း နှုတ်ဖြင့်ဖွင့်ဟပြောဆိုခြင်း၊ ကိုယ်အမူအရာဖြင့်ရှိသေခြင်း၊ ငွေကြေး/ပစ္စည်းပေးခြင်းဖြင့် တုန့်ပြန် နိုင်သော်ငြားလည်း၊ မိခင်တို့မည်သည် သား/သမီးများ၊ အဘဘုရားသခင်နှင့် သခင်ယေရှုခရစ် တော်ကို သိကျွမ်း၍၊ ပညတ်တော်ကိုကျင့်စောင့်ပြီး၊ လိမ္မာရေးခြားရှိပါလျှင် ကျေနပ်နေပါသည်။ ထိုသို့သော သား/သမီးများကို မြင်တွေ့ရလျှင် ကြည်နူးပီတိ ဖြစ်နေတတ်ပါသည်။

မိခင်၏သွန်သင်ဆုံးမမှုကို နာခံလိုက်လျှောက်ခြင်းဖြင့် သင်၏မိခင် ကျေနပ်နှစ်သက်၍ စိတ်နှင့် တွေ့သော သား/သမီးများ ဖြစ်ရန်၊ ဘုရားသခင် အလိုတော်ရှိကြောင်းကို "သင်၏မိဘ (မိခင် ဖခင်)ကို ရိုသေစွာပြုလော့"ဟူသောပညတ်တော်အားဖြင့် သိရှိနိုင်ကြောင်း ဖေါ်ပြအပ်ပါသည်။

# -အားလုံးယူလိုက်ပါ-

တစ်နေ့မှာ ကလေးငယ်တစ်ယောက် ရုတ်တရက် ဒဏ်ရာရပြီး ဆေးရုံ ပို့လိုက်ရပါတယ်။ အခြေအနေမကောင်းဘူး။ ကလေးငယ်အတွက် သွေးသွင်းဖို့ အထူးလိုအပ်နေပါတယ်။ သွေးလှူမယ့်သူ ရှာလို့ မတွေ့ပါ။

အဖေကသားနှင့် သွေးတူတဲ့အတွက် သွေးလှူရန် သဘောတူလိုက်ပါတယ်။

ဆရာဝန်က အဖေ့လက်ကနေသားလက်ကိုတဆက်တည်းသွေးသွင်းတဲ့ စံနစ်သုံးပြီး သွင်း ပေးလိုက်တယ်။ မလှုပ်မရှားနိုင်လောက်အောင်ဝေဒနာခံစားနေတဲ့ သားလက်ထဲကို ပလပ်စတစ်ပိုက် လေးကနေတဆင့် သွေးစီးသွားနေရင်း အဖေဖြစ်သူက ငိုသံပါပါနဲ့ဆောက်တည်ရာမရဘဲ ဆရာဝန်ကို ... ...
" ဆရာ...သွေးအားလုံးလိုအပ်ခဲ့ရင် ကျွန်တော့်သားတွက် ကျွန်တော့်သွေးအားလုံး ပေးချင်ပါတယ်။ အားလုံးထုတ်လိုက်ပါ ... ဆရာ"လို့ပြောလိုက်ပါတယ်။

ထိုအခါ ဆရာဝန်က"ဒီလိုလည်း မဟုတ်သေးပါဘူး။ ခင်ဗျားရဲ့ ကျန်းမာရေးက ရှိသေးတယ်။ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်ဗျာ"
"ကျွန်တော့်သား အသက်ကို ကယ်ပါ ... ဆရာရယ်" အဖေ ကစိတ်ပူပန်စွာနဲ့ ပြန်ပြောလိုက်၏။

ပြန်လည်ဆန်းစစ်ပါ။

ထာဝရဘုရားအရှင်က သူဖန်ဆင်းခဲ့တဲ့ လောကသားများ အပြစ်နွံထဲ နစ်မြုပ်ပျောက်ဆုံး နေတာသိလို့ အရာခပ်သိမ်းကို သားတော်အားဖြင့် လွှဲပေးခဲ့တယ်။ သားတော်ယေရှုက "အဗ္ဗအဘ၊ သွေးအားလုံးလိုအပ်ခဲ့ရင် ယူလိုက်ပါ။ အဘခမည်းတော်ရဲ့သား /သမီး အားလုံးကို ကယ်တင်ဖို့ ထာဝရအသက်ရှင်ဖို့ ကျွန်တော့သွေးအကုန် အစင်ယူလိုက်ပါ"လို့ ပြောပါတယ်။

ဒီလောက်ကြီးမားတဲ့ ချစ်ခြင်းမေတ္တာ သင့်ထံမှာရှိပြီလား?။
ဒီလို သင်စွန့်ရဲမှာလား?။
အနန္တတန်ခိုးရှင် မေတ္တာတော်ရှင် ဘုရားသခင်က သင့်ကိုဖန်ဆင်းခဲ့ပါတယ်။
အပြစ်ထဲ နစ်မွန်းသွားတဲ့အခါလည်း သင့်အတွက် ကယ်တင်ခြင်းပေးခဲ့ပါပြီ။
အံ့သြဘွယ်မေတ္တာနဲ့ သင့်ကို ချစ်တယ်ဆိုတာ ... သင်ယုံပြီလား?။

**ဆန်းစစ်မောင်**

# မိခင်ဟူသည်




ရှေးဦးစွာ Happy Mother day လို့ နှုတ်ခွန်း ဆက်သလိုက် ပါတယ်။ အမေများ အားလုံး ဘုရားရှင်ထံပါးမှ ခန္ဓာ၊ စိတ်၊ ဝိညာဉ်တို့ အတွက် လိုအပ်သော ကောင်းကြီးများ ရရှိ ခံစားကြပါစေ။ အမျိုးသမီး တိုင်းသည် ဇနီးသည်ဖြစ် ရသော အခွင့်ကိုယ်စီရှိ ကြသည်။ သို့သော်လည်း ဇနီးသည်တိုင်းသည် မိခင်ဖြစ်ရသောအခွင့်ထူးကိုမူ လူတိုင်း မရရှိနိုင်ကြပေ။ ဤထူးမြတ်သော အခွင့်ထူးကို ရရှိပိုင်ဆိုင် ထားကြသော မိခင်များ အသက်တာ အတွက် ဘုရားသခင်ကို အထူးပင် ကျေးဇူးတင်မိသည်။

အဘယ်ကြောင့် ဆိုသော် မိခင်များ၏အသက်တာ သည် ခင်ပွန်းသည်များ အတွက်သော်၎င်း၊ သား သမီးများအတွက်သော်၎င်း ခန္ဓာ၊ စိတ်၊ ဝိညာဉ် (၃)ပါး၏ လိုအပ်ချက် ကို အစဉ်ဖြည့်ဆည်းပေးနေ ကြရသောကြောင့်ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်ကိုယ်တိုင်ခံစားခဲ့ရသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်၏မိခင်သည် သူမ၏ ကလေး များနှင့် ခင်ပွန်းသည်အတွက် မိမိကိုဘုရားသခင် ပေးအပ်ထားသောတာဝန်ဟု ခံယူပြီး အလွန်ပင် တာဝန်ကျေပြွန်စွာ သက်ဆုံးတိုင် မညည်းမညူဘဲ အနစ်နာခံ အသက်ရှင် လုပ်ဆောင် သွားခဲ့ပါသည်။ အထူးသဖြင့် ခင်ပွန်းသည် နှင့် သားသမီးများ အတွက် သစ္စာ ရှိစွာ မပျက်မကွက် ဆုတောင်းပေး ခဲ့ပါသည်။ သူမ၏ ခံယူချက် သဘောထားကို လည်း သားသမီးများအား ပြောပြသွန်သင်ခဲ့ပါသည်။

*"မင်းတို့လေးတွေကို ဘုရားသခင်က ငါ့ကို အပ် ထားတာဖြစ်တယ်၊ မင်းတို့အားလုံးကို ငါချစ်တယ်၊ ငါ့ထက်ဘုရားသခင်က ပိုပြီးချစ်တယ်၊ မင်းတို့အား လုံးကို ငါဂရုစိုက်တယ်၊ ငါ့ထက် ဘုရားသခင်က ပို ပြီးတော့တောင် ဂရုစိုက်တယ်၊ ဒါကြောင့် မင်းတို့ကို ငါချစ်တာထက် ပိုချစ်ပြီး၊ ငါဂရုစိုက်တာထက်ပို ဂရုစိုက်တဲ့ ဘုရားသခင်ကို ငါ့ထက်ပိုပြီးချစ်ပါ။"*

ကျွန်တော့်လိုပဲ အခြားသော သူများရဲ့ အသက် တာ မှာလည်း သူတို့နဲ့သက်ဆိုင် ခဲ့ရတဲ့ မိခင်များရဲ့ ကောင်းမြတ်မှုများ ဝေဝေသက်သေခံ ထားတာကို ခံစားကြည့်ကြပါစို့။ လူငယ်လေး တစ်ဦး..နာမည်ကတော့ W.P.L Mackay ဖြစ်ပါတယ်။ သူဟာအသက် (၁၇)နှစ်အရွယ်မှာ တက္ကသိုလ်တက်ဖို့ အိမ်ကနေ ထွက်ခွာခဲ့ပါတယ်။ သူ့ရဲ့ မိခင်က နှုတ်ကပတ် တော် တစ်ပိုဒ်နဲ့ အတူ သူ့ နာမည်ထိုးထားတဲ့ သမ္မာ ကျမ်းစာအုပ်ကိုပေး လိုက်တယ်။ တက္ကသိုလ် ရောက်တဲ့အခါ သူဟာ ဘဝကို ရေစုန်မျောပြီး အ ပျော် လွန်ကာ မိခင်ပေးလိုက် တဲ့သမ္မာကျမ်းစာ ကို အရက်နဲ့ လဲပြီးသောက်ခဲ့တယ်။ ဒါပေမဲ့ မိခင် ကတော့ အသက်တာရဲ့နောက်ဆုံးအချိန်အထိ ဒီသားအတွက် ဆုတောင်းပေး ခဲ့တယ်။

နောက်ဆုံး မှာ W.P.L Mackay ဟာ ဆရာဝန် တစ်ယောက် ဖြစ်လာခဲ့တယ်။ တစ်နေ့ ဆေးရုံတွင် တာဝန်ထမ်း ဆောင်နေချိန်မှာ ရောဂါ အတော်ကျွမ်းနေပြီဖြစ် တဲ့ လူတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်။ အဲဒီလူနာ ဟာ သူ့ရဲ့စာအုပ်တစ်အုပ်ကို ထပ်ခါတလဲလဲ တောင်းနေတာကိုလည်း သူကြားခဲ့ရတယ်။ မကြာခင် ရက်အနည်းငယ် အတွင်းမှာပဲ အဲဒီလူနာဆုံး သွားခဲ့ပါတယ်။ Mackay ဟာ အဲဒီလူနာက သူ့ ဘဝအတွက် အတော် အရေးထား၊ တန်ဖိုးထားတဲ့ စာအုပ်ဟာ ဘာစာအုပ်လဲဆိုတာကို သိချင်တာ နဲ့လူနာနေ ခဲ့တဲ့ အခန်းမှာသွားရှာ ခဲ့တယ်။ အဲဒီ စာအုပ်ကို သူတွေ့တဲ့အခါမှာတော့ သူအင်မတန် မှအထိတ်တလန့်ဖြစ်ခဲ့ရတယ်။ အဲဒီ စာအုပ်က တော့ သူကိုယ်တိုင် အရက်နဲ့ လဲ သောက် ခဲ့တဲ့ မိခင် ပေးထားခဲ့တဲ့၊ သူ့နာမည်ထိုးထားတဲ့ "သမ္မာကျမ်း စာအုပ်" ဖြစ်နေလို့ပဲဖြစ် တယ်။ သူဟာ သမ္မာ ကျမ်းစာထဲမှာရှိတဲ့ သူ့မိခင် လိုင်းတားထားတဲ့ ကျမ်း ပိုဒ်များကို အချိန်အတော်ကြာ ဖတ်ရှုဆင် ခြင်နှလုံးသွင်းပြီးတဲ့နောက် ဘုရားသခင်ထံ ဝန်ချ တောင်းပန် ဆုပဌနာပြု လိုက်ပါတယ်။ အဲဒီအချိန် ကစပြီး သူဟာ ဆရာဝန် ဘဝကနေ ဘုရားသခင် အတွက် အမှုတော်ဆောင် တစ်ယောက်ဖြစ် လာ ပါတယ်။ တစ်ချိန်က သူတန်ဖိုးမထားခဲ့တဲ့သမ္မာ ကျမ်းစာဟာ အခုတော့ သူ့ဘဝအတွက် မရှိမဖြစ် တန်ဖိုးမဖြတ် နိုင်တဲ့ စာအုပ်ဖြစ်ခဲ့ပါတယ်။

ကျွန်တော်ရဲ့မိခင်လည်း ကျွန်တော့်အတွက် သူ့ရဲ့ နောက်ဆုံးအချိန် အထိ ဘုရားသခင်ထံမှာ ဆု တောင်း ဆက်ကပ်ပေးခဲ့ပါတယ်။ သူ့ရဲ့ဆုတောင်း ချက်ဟာ ဘုရားသခင်ရဲ့ အလိုတော်နဲ့ အညီဖြစ်ခဲ့ ပါ တယ်။ မိခင်ဆုံးပါးပြီး (၃)နှစ်အကြာမှာ မိခင်ဆု တောင်းခဲ့တဲ့အတိုင်းပဲ ဘုရားသခင်ဟာ ကျွန်တော့် ကို အမှုတော်ဆောင် တစ်ယောက် အနေနဲ့ ရွေး ကောက်ခဲ့ပါတယ်။

ဒါကြောင့် မိခင်များဟာ ဘုရားသခင်နဲ့ အတူ သားသမီးများရဲ့အသက်တာမှာ ဘုရားဘုန်း ထင်ရှားဖို့အတွက် လက်တွဲလုပ်ဆောင်နေကြတဲ့ သာသနာ့ လုပ်ဖော်ဆောင် ဖက်တွေဖြစ်ပါတယ်။ သားသမီးတွေကိုပြုစု ပျိုးထောင်တဲ့အခါ ခန္ဓာပိုင်း၊ စိတ်ပိုင်းဖွံ့ဖြိုး တိုးတက်ဖို့ အရေးကြီးတာထက် ထာဝရကာလနဲ့သက်ဆိုင်တဲ့ဘုရားကို သိကျွမ်း ခြင်းဖြင့် အသက်တာ ဖွံ့ဖြိုး တိုးတက်ဖို့ရန် အင်မတန် မှအရေးကြီးတာပါတယ်။

ယုံကြည်သူမိခင်အ ယောက်စီတိုင်းအနေဖြင့် မိမိတို့ရဲ့သားသမီးများ ဘုရား သခင်၌ကိုးစားခြင်း၊ သိကျွမ်းခြင်းအရာမှာ တိုးတက်ဖွံ့ဖြိုးလာဖို့ နှုတ်ကပတ်တော်နဲ့ သွန်သင် ပြီးသစ္စာရှိစွာ ဆက်ကပ်ဆုတောင်းပေးခြင်းဖြင့် သားသမီးတွေရဲ့အသက်တာမှာ ဘုရားရဲ့မေတ္တာ၊ အလင်းတရား၊ ကယ်တင်ခြင်း ဆုကျေးဇူးတွေကို ရရှိခံစားနိုင်စေရန် ဘုရားသခင် ပေးထားသော တာဝန်ကိုသက်ဆုံးတိုင် ဆက်ကပ်လုပ်ဆောင်သွား ကြပါလို့ တိုက်တွန်း နိုးဆော်လိုက်ပါရစေ . . . .။

၂၀၁၀ ခုနှစ် မေလထုပ် စိန်ခေါ်သံမဂ္ဂဇင်းမှ ဆရာ ပေါဇံ၏ ရေးသားချက်ကို ပြန်လည် ဖော်ပြပါသည်။



# ဆုတောင်းရန်နာရီကျူး
# (Sweet Hour of Prayer)

တနင်္ဂနွေနေ့ ဘုရားကျောင်းသို့ ဝတ်ပြုအစည်းအဝေး သွားသည့်အခါခါတိုင်း ဆုမတောင်းမီ ဤဓမ္မသီချင်းကို အမြဲကြားရသည်။ ဤသီချင်းကတော့ မြန်မာဓမ္မသီချင်း စာအုပ်၊ သီချင်းနံပါတ် ၁၉၂ တွင်ရှိသော "ဆုတောင်းရန်နာရီကျူး"သို့တည်းမဟုတ် English Hymn Book No. 640 တွင်ရှိသော "Sweet Hour of Prayer" ပင်ဖြစ်သည်။

ဤဓမ္မသီချင်းစာသားကို William W. Walford ကရေးသား၍ တေးဂီတသံစဉ်ကို နာမည်ကြီး ဓမ္မသီချင်းရေးဆရာ William B. Bradbury က ရေးစပ်သီကုံးပေးသည်။

Walford သည် တန်ဘိုးနည်းသော လက်ဝတ်တန်ဆာ နှင့် တိုလီမိုလီ ရောင်းသော ဆိုင်ကလေး တစ်ဆိုင်ကို ပိုင်ဆိုင်သည်။ သူသည် မျက်စိနှစ်ကွင်း၊ အလင်းမရ၊ မမြင်ဒုက္ခိတ တစ်ဦးဖြစ်သော်လည်း၊ Walford သည် အသင်းတော်၌ မထင်မရှား၊ အညတရ၊ ဒေသန္တရတရားဟောဆရာ Lay Preacher အဖြစ်လည်း အမှုတော်ကို ထက်ထက်မြက်မြက်၊ ထိထိ ရောက်ရောက်၊ စွမ်းစွမ်းတမာန် ထမ်းဆောင်သွားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

နေ့စဉ်၊ နေ့တိုင်း မီးခိုးခေါင်းတိုင် chimney ၏ထောင့်စွန်း၌ထိုင်၍ ရောင်းချရန်အတွက် လက်ဝတ်တန်ဆာ၊ တိုလီမိုလီ၊ ပစ္စည်းအသေးအမွှားများကို ပန်းပုထုသည်။ ပုံသွင်းသည်။ ထွင်းသည်။ ချောချောမွတ်မွတ်၊ ပြောင်ပြောင်လက်လက်၊ လှလှပပ ဖြစ်အောင် စိတ်ရှည်လက်ရှည် ဖြင့်ပွတ်တိုက်ပေးသည်။ အလုပ်များသော်လည်း Walford သည် ဘုရားသခင်ကို ရည်ရည်ငံငံ၊ ရင်းရင်းနှီးနှီး၊ လက်ပွန်းတတည်း ဆုတောင်းသည်ဟု ပြောကြသည်။

စေ့စပ်သေချာစွာဖြင့် စဉ်းစားဆင်ခြင် သုံးသပ်ရရှိသော တွေးတောချက်များကို အသုံးပြုကာ တရားဟောချက်များကို ပြင်ဆင်သည်။ သူသည် ငယ်စဉ်တောင်ကျေး ခလေးဘဝ၌ ကျောင်းကောင်းကောင်းတက်၍ ပညာသင်ကြားခြင်း မရှိခဲ့ဘူးသော်လည်း၊ မယုံနိုင်အောင်ပင် အံ့သြလောက်သော မှတ်ညာဏ်ရှိသည်။ Walford သည် ဓမ္မာကျမ်းစာတအုပ်လုံးကို အလွတ်ရသည်ဟု ပြောကြသည်။ တရားဟောပလ္လင်ပေါ်၌ ဤမျက်မမြင် တရားဟောဆရာ ဟောလိုက်သောတရားသည် ခေါင်းစဉ်နှင့် အလွန်လျှော်ကန်သည်။ အလွန်ကိုက်ညီသည်။ အသုံးပြုလိုက်သောကျမ်းပိုဒ်၏ အခန်းကြီး နှင့် အခန်းငယ်တို့သည် မည်သည့်အခါမျှ မမှားယွင်း။ အလွန်တိကျမှန်ကန်သည်ဟု ဆိုကြသည်။ "ကျမ်းစာကို အလွတ်ရသောပုဂ္ဂိုလ်" အဖြစ်သူ့ကို အသိအမှတ်ပြုကြသည်။ သူတော်ချင်းချင်း၊ သီတင်းလွေ့လွေ့၊ ပေါင်းဖက်တွေ့ဟုဆိုသကဲ့သို့ Walford ၌ ဆရာတပါးလည်းဖြစ်၊ သူငယ်ချင်းလည်းဖြစ်သူ Thomas Salmon ဆိုသူ အပေါင်းအသင်း မိတ်ဆွေတစ်ယောက် ရှိသည်။

တနေ့တွင် ထိုသူသည် Walford ဆိုင်သို့ ရောက်သွားသည်။ မျက်မမြင်တရားဟောဆရာက ဆုတောင်းခြင်း နှင့် ပတ်သက်၍ ကဗျာတစ်ပုဒ် စဉ်းစားထားပြီ ဖြစ်သည်။ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက် ဟုဆိုသလို Salmon ရောက်လာသည် နှင့် ကြုံကြိုက်သည်။ တိုက်ဆိုင်သည်။ ကျွန်တော်တို့ ခရစ်ယာန်အနေနှင့် ပြောရလျှင် ဘုရားသခင်က Salmon ကို မျက်မမြင် တရားဟောဆရာ ထံသို့ ပို့လိုက်သည် ဟုဆိုလျှင် မှားမည် မထင်ပါ။ Walford သည် ဤဆုတောင်းခြင်းနှင့်ပတ်သက်သော ကဗျာကို ရေးမှတ်ပေးရန် အကူအညီတောင်းသဖြင့် Salmon ကရေးမှတ်ပေးလိုက်သည်။ သုံးနှစ်ကြာပြီးမှ Salmon ပို့လိုက်သောဤကဗျာကို New York Observer အယ်ဒီတာက Sept. 13, 1845 တွင် ထုတ်ဝေဖြစ်သည်။ ဤထုတ်ဝေလိုက်သော ကဗျာကို William B. Bradbury က ဤသီချင်း "Sweet Hour of Prayer" တေးဂီတသံစဉ်ကို သွင်းပေးလိုက်ခြင်းပင် ဖြစ်သည်။

ဆုတောင်းရန်နာရီကျူး။ ၁၉၂ ဆ၁၊ ၅၅း၁၇

## Sweet hour of prayer 72

၁။ ဆုတောင်းလို့ငါမှတ်သားနာရီ၊
လောကီမှုရေးမျိုးမျိုးပယ်၍၊
ငါလိုသမျှဆုပဌနာ
အဘပလ္လင်တော်ရှေ့လျှောက်ရာ၊
ဒုက္ခဖိနှိပ်၊ ပူဆွေးကာလ၊
အပြစ်သွေးဆောင်ပါနီးခါများ၊
သင်လှည့်ပြန်ခြင်းဖြင့်ချမ်းသာ၏။
အောက်မေ့လှဘွယ်ဆုတောင်းနာရီ။

၂။ အောက်မေ့လှဘွယ်ဆုတောင်းနာရီ၊
တောင်းသောသူအားငါကားပေးမည်။
ဂထိထားသောသစ္စာရှင်မင်း၊
အမိန့်တော်ယုံမှီခိုကိုးလျှင်၊
ငါပူရာမျိုး၊ လိုရာရှိရှိ၊
ခြေရင်းတော်၌လှိမ့်လှန်လှဲ၍၊
လျှောက်ထားခြင်းငါသင့်ကိုစောင့်မည်
အောက်မေ့လှဘွယ်ဆုတောင်းနာရီ။

၃။ အောက်မေ့လှဘွယ်ဆုတောင်းနာရီ။
ကောင်းကင်အဘအိမ်တော်နေမည်၊
ဤယာယီတဲမစွန့်မခြင်း။
သင်နှစ်သိမ့်စေကျေးဇူးခံလျှင်၊
သက်ထာဝရခံစားယူမည်
အာကာသ၌ငါပျံတက်စဉ်၊
တန်၊ နေရစ်တော့၊ ငါမြွက်ဆိုမည်၊
အောက်မေ့လှဘွယ်ဆုတောင်းနာရီ။

______

## SWEET HOUR OF PRAYER

*Words: William Walford, 1845;*
*Music: Sweet Hour, 1861*

1. Sweet hour of prayer! sweet hour of prayer!
That calls me from a world of care,
And bids me at my Father's throne
Make all my wants and wishes known.
In seasons of distress and grief,
My soul has often found relief
And oft escaped the tempter's snare
By thy return, sweet hour of prayer!

2. Sweet hour of prayer! sweet hour of prayer!
The joys I feel, the bliss I share,
Of those whose anxious spirits burn
With strong desires for thy return!
With such I hasten to the place
Where God my Savior shows His face,
And gladly take my station there,
And wait for thee, sweet hour of prayer!

3. Sweet hour of prayer! sweet hour of prayer!
Thy wings shall my petition bear
To Him whose truth and faithfulness
Engage the waiting soul to bless.
And since He bids me seek His face,
Believe His Word and trust His grace,
I'll cast on Him my every care,
And wait for thee, sweet hour of prayer!

4. Sweet hour of prayer! sweet hour of prayer!
May I thy consolation share,
Till, from Mount Pisgah's lofty height,
I view my home and take my flight:
This robe of flesh I'll drop and rise
To seize the everlasting prize;
And shout, while passing through the air,
"Farewell, farewell, sweet hour of prayer!"